
လုံးချင်းဝတ္ထုသစ်
စံထိုက်သူ
အရိပ်စစ်တို့၏
နိယာမ
ပန်းချီ သိန်းရွှေကြည်
2010

# အခန်း (၁)

စိမ်းပြာရောင် ဟိုက်ဒရောလစ်တံခါးကြီးကို ဖြတ်သန်းဝင်ရောက်ခဲ့ချိန်သည် ဆယ့်နှစ်နာရီ ထိုးဖို့ ငါးမိနစ်အလိုတွင် ဖြစ်သည် ။

ခြေလှမ်းမှန်မှန်ဖြင့် မားမားမတ်မတ် လျှောက်လာသည့် သူမကို ရီဆက်ရှင်မှ ကောင်မလေး က ပြုံးပြနှုတ်ဆက်သည် ။ ကိုယ့်ကိုယ်ကို ယုံကြည်စွာဖြင့် မော့ချီနေသော သူမရဲ့ ဦးခေါင်းကို ယောင် ယောင်ကလေး ညိတ်ပြနှုတ်ဆက်လိုက်၏။

ဘယ်ဘက်သို့ ကွေ့ဝင်လိုက်လျှင် ပြာလဲ့ကျယ်ပြန့်သော ရုံးခန်းကျယ်ကြီးကို တွေ့ရသည် ။

အဲဒါသည် ဖေဖေ့ရုံးခန်းဖြစ်သည် ။

ယောက်ျားတစ်ယောက်အနေနှင့် လူမြင်ကောင်းရုံသာ ထိုင်ခွင့်ရသော ဖေဖေ့ရုံးခန်းဖြစ် သည် ။

"လာ ... သမီးခင် ..."

"နေ့ကို နေလို့ ပဲခေါ်ပါဖေဖေ"

သူမက ဖေဖေ့ကိုမကြည့်။ ဆိုဖာညိုဝါဝါကြီးမှာ ထိုင်နေသည့် ကောင်ကလေးကို စူးစူးကြည့် လိုက်၏။ ကောင်ကလေးက ဆိုဖာပေါ်မှာ လျော့တိလျော့ရဲ ထိုင်နေတာဖြစ်သည် ။ သူမအသံကို ကြားလျှင်တော့ ခ

န္ဓာကိုယ်ကို ခပ်မတ်မတ်ပြင်ထိုင်လေသည် ။

ဖေဖေက သူမကို ခွင့်လွှတ်စွာပြုံးကြည့်သည် ။

"ကဲ ... ဟုတ်ပါပြီကွယ်၊ အေးအေးဆေးဆေး ထိုင်ပါဦး၊ ဖေဖေက သမီးကိုတွေ့ချင်လို့ မှာ လိုက်တာပါ"

"ဘာအတွက်လဲ ဖေဖေ"

အဲကွန်းလည်နေလျက်နှင့် ရုံးခန်းထဲမှာ အေးချမ်းမှု ပပျောက်သွားသည် ။

နို့ရည်တစ်မျိုးတည်းသာ လိမ်းထားပြီး ကိုယ့်ကိုယ်ကို ယုံကြည်မှုတို့ဖြင့် ပြောင်တင်းနေသည့် သူမမျက်နှာချိုချိုကို ကြည့်ကာ ဖေဖေက သက်ပြင်းရှိုက်သည် ။

"မနေကလည်း တွေ့ချင်လို့ ပါဆိုမှ "

ဖေဖေက လက်ကာပြသဖြင့် ကောင်ကလေးရဲ့ မကျေမနပ်အသံပွစိမှာ ရပ်သွား၏။

"ဖေဖေက သမီးတို့ မောင်နှမကို မုန့်ဖိုးပေးချင်လို့ ပါ"

ရုံးခန်းထောင့်မှ ငါးအလှမွေးကန်ထဲမှာ ရေပူဖောင်းကလေးတွေ ပလုံစီထနေသည် ။

သူမက ဒုတိယအကြိမ် ရောက်ဖူးခြင်းသာဖြစ်သော ဖေဖေရဲ့ ရုံးခန်းကို နည်းနည်းစိတ်ပျက် သွားသည် ။ ပထမအကြိမ် ရောက်ဖူးစဉ်က ဖေဖေက သူ့ရဲ့ စက္ကထရီအဖြစ် တာဝန်ယူပေးဖို့ ပြောဖူး သေးသည် ။ သူမက လက်မခံခဲ့။

ခေါင်းငုံ့မနေတတ်သဖြင့် ရှေ့တည့်တည့်မှာ မြင်နေရသည့် ဖေဖေ့ကို

ကြည့်ရင်း ခေါင်းခါလိုက် သည် ။

"ဟင့်အင်း ... နေ မယူချင်ဘူးဖေဖေ၊ နေမင်းခေါင်ကိုပဲ ပေးလိုက်ပါ"

"သမီး"

"နေက ဖေဖေ့ရဲ့ ကိုယ်ပိုင်အရည်အချင်း၊ ဖေဖေ့ရဲ့ ကိုယ်ပိုင်စွမ်းဆောင်မှုမျိုးကရတဲ့ ငွေကိုပဲ မုန့်ဖိုးအဖြစ် လက်ခံချင်တာပါ၊ ဖေဖေ့စွမ်းဆောင်မှု ဘာမှ မပါဘဲ လူရိုန်အောင်လို့ ယောက်ျားတစ် ယောက်အနေနဲ့ ဟန်ပြရုံးခန်းထိုင်ပေးနေလို့ ရတဲ့ ငွေကို နေ မယူချင်ဘူး။ ကြီးကြီးတို့ စိတ်လိုလက်ရ ရှိမှ ခွဲဝေပေးလို့ ရတဲ့ ငွေကို နေမလိုချင်ဘူးဖေဖေ"

မီးပြတ်သွားသဖြင့် ဖေဖေ့ရုံးခန်းထဲက ဖန်ချောင်းတွေ ငြိမ်းကုန်သည် ။ ပြာနောက်သော မှန် ထူထူတွေ တပ်ဆင်ထားသော ရုံးခန်းသည် ပြာမိုက်မိုက်ဖြစ်သွား၏။ အသားညိုသော ဖေဖေ့ မျက်နှာ မဲညစ်သွားလျှင်လည်း သူမ မြင်ရမှာ မဟုတ်ပါ။ အဖေတူ အမေကွဲ မောင်တော်သူ 'နေမင်းခေါင်' ရဲ့ မျက်နှာ စူပုတ်သွားတာကိုတော့ မြင်လိုက်ရသည် ။ နေမင်းခေါင်က အသားဖြူသည် ။

"ဒါဟာ ဖေဖေ့ရုံးခန်းထိုင်လို့ ရတဲ့ MD လစာထဲကနေပြီး သမီးတို့ မောင်နှမကို ပေးတာ သမီး၊ ဖေဖေ့မှာ ဒီသားနဲ့ သမီးပဲ ရှိတာ၊ သမီးတို့ အတွက်ပဲ ဖေဖေ့မှာ သုံးစရာရှိတာ"

"ဒါပေမဲ့ ဖေဖေ MD တစ်ယောက်အနေနဲ့ ဘာဆုံးဖြတ်ပိုင်ခွင့်ရှိလို့လဲ၊ ကြီးကြီးတို့ ဆုံးဖြတ် ပေးမှ ပြီးရတဲ့ MD ပါ၊ ကုမ္ပဏီ မှတ်ပုံတင်လိုင်စင်မှာ တောင် ဖေဖေ့နာမည်ပါလို့ လား၊ ကြီးကြီးတို့ နာမည်ပဲပေါက်တာ"

ခြံဝင်းရဲ့ နောက်ဘက်နားဆီက မီးစက်နှိုးသံ ကြားရသည် ။ အလုပ်သမားတချို့၏ ငြင်းခုန် လှုပ်ရှားသံသဲ့သဲ့ကိုလည်း ကြားရသည် ။ မီးစက်ကို ချက်ချင်းမနှိုးနိုင်ခြင်းအတွက် အလုပ်သမားများ ကို ထိန်းချုပ်ညွှန်ကြားနိုင်စွမ်း ဖေဖေ့မှာ မရှိချေ။ ဖေဖေသည် အစ်မတွေထားရာနေ စေရာသွား အစ်မ တွေခိုင်းသမျှကိုသာ လုပ်တတ်သော အရုပ်တစ်ရုပ်သာဖြစ်သည် ။ နေက အဲဒါကို နည်းနည်းလေးမှ မကြိုက်။ ဖေဖေသည် ယောက်ျားသွေးအပြည့် မပါသူ။ ဦးဆောင်ဦးရွက်မပြုနိုင်သူတစ်ယောက် အဖြစ် နေက အားမလိုအားမရ ဖြစ်ရသည် ။

အဲဒီစိတ်ဓာတ်ကြီးကြောင့်ပဲ နေနှင့် ကြီးတော်တွေ လုံးဝ မတည့်ချေ ။

"မနေကလည်း ဘာပဲဖြစ်ဖြစ် ဒါ ဖေဖေ ရုံးခန်းထိုင်လို့ ရတဲ့ ပိုက်ဆံ၊ ဖေဖေ့ပိုက်ဆံပဲပေါ့၊ အလကားရတဲ့ ပိုက်ဆံကို ခွဲခြမ်းစိတ်ဖြာနေသေးတယ်"

"နင်ပဲ အလကားရတဲ့ ပိုက်ဆံကို မက်နေ၊ ငါကတော့ လုံးဝပဲ၊ ငါက ကိုယ်ပိုင်အရည်အချင်း ကြောင့်ရတဲ့ ပိုက်ဆံကိုပဲ မက်မောတယ်၊ အထင်ကြီးတယ်"

"အဲဒါဆိုရင်လည်း မယူနဲ့ ဗျာ၊ ဖေဖေ မနေရဲ့ ဝေစုကို သူမယူရင် ခေါင်ယူမယ်၊ ခေါင့်ကိုပဲပေး တော့။ သူက နာမည်ကြီးဒီဇိုင်နာဆိုတော့ ဖေဖေပေးတဲ့ မုန့်ဖိုးကို အရေးမလုပ်ချင်ဘူးပေါ့"

မီးက ဖျတ်ခနဲ ပြန်လင်းလာသည် ။

ဖန်ချောင်းအောက်မှာ ဖေဖေ့မျက်နှာသည် ညှိုးရီပျက်ယွင်းနေသဖြင့် သူမ စိတ်မကောင်းဖြစ် သွားသည် ။

"နေ စိတ်မကောင်းပါဘူး ဖေဖေ၊ နေ ဝင်ငွေကောင်းနေလို့ ဖေဖေ ပေးတဲ့ မုန့်ဖိုးကို အရေး မလုပ်တာမဟုတ်ပါဘူး၊ အဲဒီ မုန့်ဖိုးကို ယူဖို့ နေ စိတ်မသန့်လို့ ပါ"

"ကြီးကျယ်တာပါ"

နေမင်းခေါင်ရဲ့ မကြားတကြားအသံကို ဖေဖေရော သူမပါ မကြားချင်ယောင်ဆောင်လိုက်ကြ သည်။

"ဖေဖေ့သမီးက သမီးမေမေရဲ့ သွေးအပြည့်ပါတာကိုး"

ဖေဖေက သူမပခုံးကို ဖွဖွပုတ်ရင်း တိုးတိမ်သောအသံဖြင့် မှတ်ချက်ချသည်။ ပထမအကြိမ် သူမကြီးတော်တွေလက်အောက်မှာ အလုပ်မလုပ်လိုပါဟု ငြင်းလိုက်စဉ်ကလည်း ဖေဖေ ထိုသို့မှတ် ချက်ချခဲ့ဖူးသည်။

"သမီးက ဖေဖေနဲ့ အလုပ်တွဲလုပ်ဖို့ ကိုလည်း ငြင်းတယ်။ ဖေဖေ မုန့်ဖိုးပေးတာကိုလည်း ငြင်း တယ်။ ထားပါတော့ သမီးလည်း သမီးဘာသာ အဆင်ပြေနေတာကိုး။ ဒါပေမဲ့ လိုအပ်တဲ့ အခါမှာ တော့ ဖေဖေ ဖြည့်ဆည်းပေးချင်ပါတယ်။ ခေါင့်ကို အမြဲတမ်း ဖြည့်ဆည်းပေးနိုင်ပေမယ့် သမီးအပေါ် မှာ တော့ ဖေဖေ တာဝန်မဲ့ခဲ့တယ်။ သမီးဘဝကို ဒီအခြေအနေရောက်အောင် သမီး အများကြီး ရုန်းကန်ကြိုးစားခဲ့ရတာလေ"

"အခု နေ အဆင်ပြေနေပါပြီ ဖေဖေ"

"သမီးအတွက် ဖေဖေ မလိုအပ်ဘူးလို့ ဆိုလိုတာလား သမီး"

လှိုက်ခနဲ တုန်သွားသော ဖေဖေ့အသံကြောင့် နေ ဖေဖေ့ကို သနားသွားသည်။ သို့သော် နေ့ရဲ့ ကိုယ်ပိုင်အရည်အချင်းနှင့် နေ့ဘာသာ ရပ်တည်ပြည့်စုံနေပြီးသားဖြစ်သည်။

"အဲဒီလိုမဟုတ်ပါဘူး ဖေဖေ၊ နေ့မှာ လိုအပ်တာရှိရင် ဖေဖေ့ကို အကူအညီတောင်းမှာ ပါ"

နေ နှစ်သိမ့်လိုက်တော့မှ ဖေဖေ့မျက်နှာ ပြန်ကြည်လာသည် ။ ဖေဖေသည် အဲဒီလို စိတ်ပျော့ သူလည်း ဖြစ်သည် ။ ဒါကြောင့်လည်း ကြီးကြီးတို့ လွှမ်းမိုးသမျှ မလွန်ဆန်နိုင်တာ ဖြစ်သည် ။

နေကတော့ ဟိုးငယ်ငယ်ကလေးကတည်းက ဖေဖေ့ကို ကြီးကြီးတို့ရဲ့ လောင်းရိပ်အောက်က ရုန်းထွက်ပြီး နေတို့ သားအမိဆီကို ပြန်လာစေချင်ခဲ့သည် ။

သို့သော် ဖေဖေက နေမင်းခင်ဆိုသော နာမည်တစ်ခုသာ လက်ဆောင်ပေးလျက် နေတို့ သား အမိဆီကို ပြန်မလာခဲ့ချေ။

နေ့မှာ ဖေဖေကိုယ်တိုင်ပေးခဲ့တာဆိုလို့ နေ့နာမည်တစ်ခုပဲရှိသည် ။

နေ့နာမည်မှာ နေမင်းခင် ဖြစ်သည် ။

***

နက်ပြာရောင်ထူအိသော ကော်ဇောကို ဖြတ်နင်းလာသည့် ခြေထောက်တွေသည် ဖြူဖွေး အိဖောင်းနေသည် ။ အနက်ရောင် ကြိုးမျှင်မျှင်ကလေးနှစ်ချောင်းတည်း ဖွဲ့ခွေနေသော ပင်ဆယ်ဟီးလ် ချွန်ချွန်က ထိုခြေထောက်များကို ပို၍ ဝင့်ကြွားစေသည် ။

ဒူးအောက်ကိုဖုံးရုံ ကိုယ်နှင့်အတိ စကတ်မှာ ငှက်ခါးရောင်ဖြစ်သည် ။ အင်္ကျီက အဖြူရောင်ဇာ များ နှင့် ချုပ်ထားသည့် ငှက်ခါးရောင်ကိုယ်နှင့်အတိ ဖြစ်သည် ။ ပခုံးတစ်ဖက်စီကို ကျော်ပြီး ကျနေ သည့် ခပ်ကောက်ကောက် ခပ်ပြေပြေ ဆံပင်များ သည် သူမမျက်နှာမှာ အရှိန်တစ်ခုဟ

ပ်နေ သလိုပင်။ ဝင့်ကြွားလွန်းသော သူမ မျက်နှာက သိပ်မလှပါ။ သို့သော် အရှိန်တစ်ခုခုနှင့် တောက်ပနေတာတော့ သေချာသည် ။ ပြီး သူမခြေသလုံးတွေနှင့် ခြေဖမိုးတွေ သိပ်လှသည် ။

သူသွားမည့်လမ်းကြောင်းဘက်ဆီမှ ထွက်လာသည့် သူမကို တံခါးပေါက်ဝရောက်နေသည် အထိ လည်ပြန်ငေးကြည့်မိ၏။

"ဘာကိုလိုက်ကြည့်နေတာလဲ"

"ဟာ ... ခေါင်ခေါင်"

ပခုံးကို ဗုန်းခနဲလာပုတ်တော့မှ သူ ခေါင်ခေါင်ကို မြင်မိသည် ။ လာရင်းကိစ္စကို အသာထား ကာ သူမ ထွက်သွားရာဆီသို့ မေးဆတ်ရင်း ...

"ဘယ်သူလဲသိလား"

မေးထွန်းထုတ်လိုက်မိသည် ။ ထိုအချိန်တွင် သူမက နံပါတ်နိမ့် ဆလွန်းကားတစ်စီးကို စက် နှိုးနေချိန်ဖြစ်သည် ။ ခေါင်ခေါင်က သူ့ကို မျက်လုံးပြူးကြည့်ကာ ...

"သွားမလုပ်နဲ့ ဟိတ်ကောင်ရေ၊ မီးတောင်ပြိုတာထက် ဆိုးသွားမယ်၊ မီးခဲမ ... မီးခဲမ ... အဲဒါ ..."

"မင်းသိတယ်ပေါ့၊ ဘယ်သူလဲ ပြောပြကွာ၊ ခေါင်ခေါင် ငါ တစ်ချက်တည်းနဲ့ အသည်းထုတ် ချင်းပေါက်သွားတာကွ ... ပြောကွာ"

"မင်း ... တကယ်လား"

ခေါင်ခေါင်က ဖျတ်ဖျတ်လူးလူးဖြစ်နေသည့် သူ့ကို စူးစိုက်ကြည့်ပြီး မေးသည် ။ ခေါင်ခေါင် နည်းနည်းထူးခြားနေသည် ဟု တော့ ထင်မိသည် ။ သို့သော် မြေပြိုသလို ငလျင်လှိုင်းတံပိုးတွေနှင့် ဖြောင်းဆန်သွား

သော သူ့ရင်ဘတ်ထက် ဘာကိုမှ အလေးမထားနိုင်ခဲ့ချေ။

ယခင်က အပျော်တမ်း ထုတ်ဆီးတိုးကစားခဲ့သလို သူမကို သဘောမ ထားနိုင်တာလည်း သေချာသည် ။ တခဏကလေး မြင်လိုက်ရရုံနှင့် သူမ ကို သူပဲပိုင်ဆိုင်ချင်ကာ ဘယ်သူနှင့်မှ စိတ်မချ နိုင်တော့ချေ။ သူမ သူမ ဟုတ်သည့် တခြားတစ်ယောက်ယောက်နှင့် နီးစပ်ခင်မင်သွားမှာ ကို တောင် မလိုလားနိုင်တော့ချေ။

"မင်းစိတ်ရှိရင်တော့ မပြောတတ်ဘူး၊ ငါတော့ မထင်ဘူး"

"ဘာကိုလဲ"

ခေါင်ခေါင်က ဝိုင်းစက်သည့် သူ့မျက်ဝန်းများကို ခပ်ကြာကြာ စိုက်ကြည့်နေသည် ။ သူ့ရဲ့ မျက်ဝန်းများ သည် ယောကျ်ားတစ်ယောက် နှင့် မအပ်စပ်စွာ ဝိုင်းစက်ဖြူစင်သည် ။ အဲဒီမျက်ဝန်းများ ကြောင့်ပဲ မိန်း ကလေးများ ရဲ့ အရေးပေးယုယမှုတွေကို ချွေယူရရှိခဲ့ပေါင်းများ လှပြီ။ ခေါင်ခေါင်က ဘာကိုစိုးရိမ်နေတာလဲ။

"သူ ... မင်းကို ပြန်ကြိုက်မှာ မဟုတ်ဘူး ၊ သူလိုချင်တာ မင်းလိုလူမျိုး မဟုတ်ဘူး "

"သေချာလှချည်လား"

ဒီတစ်ခါတော့ သူမခံချင်စိတ်နှင့် မာနကလေး အုံကြွလာသည် ။ ‘ဖိုး လပြည့်’ဆိုတဲ့ သူ့ရဲ့ ညှို့ငင်နိုင်မှုပါဝါကို ခေါင်ခေါင် မေ့ထားလိုက်ပြီ လား။ သူ ဘယ်လောက်ထိ အပြောကောင်းကာ မိန်းမ ကျမ်းကျေသည် ဆိုတာကို ခေါင်ခေါင် သိပြီးသားပဲ။

သူက သူမရဲ့ ကားကလေး ရပ်ထားခဲ့သည့် ဆီအုန်းပင်ဆီသို့ တစ်ချ က် စွေကြည့်လိုက်ပြီး ...

"ဘာဖြစ်လို့ လဲ"

"သူက တစ်ပတ်တစ်ပတ်ကို ငွေသိန်းချီပြီး ဝင်ငွေရှိတဲ့ ဒီဇိုင်နာတစ်ယောက်ကွ၊ သူက သူ့ ထက်အရည်အချင်းရှိပြီး ထက်မြက်တဲ့ ဦးဆောင်နိုင်တဲ့ ယောက်ျားမျိုးကိုပဲ စိတ်ဝင်စားမှာ "

"အဲဒီတော့ ..."

"မင်းအတွက်  အလားအလာကောင်းမှာ မဟုတ်ဘူး "

သူ ဟက်ခနဲ တစ်ချက်ရယ်မိသည် ။ ခေါင်ခေါင်က အကြောင်းတစ်စုံတစ်ရာကြောင့် သူ့ကို တားမြစ်နေတာသေချာသည် ။ ထိုအကြောင်းအရာသည်  သူမကို  ဆုံးရှုံးရမှာ သူနှင့်  ခေါင်ခေါင်အပြိုင်  လုရမှာ  ကိုစိုးရိမ်ခြင်းကြောင့်ဟု လည်း သေချာနေသည် ။

ဟိုယခင်ကတည်းက ကောင်မလေးတစ်ယောက်ကို သူနှင့် ခေါင်ခေါင် ပြိုင်လိုက်ကြတိုင်း ခေါင်ခေါင် သူ့ကို ရှုံးနိမ့်ခဲ့သည် ချည်း ခေါင်ခေါင်ပုံစံက နည်းနည်းမာဆတ်ဂျစ်တစ်တစ်နိုင်သည် ။

သူကတော့ သူ့ရဲ့ ဝိုင်းစက်ကြည်လင်သော မျက်ဝန်းများ ရဲ့ အားသာချက်နှင့် အနိုင်ရမြဲဖြစ် သည် ။

ဒါကို ခေါင်ခေါင် လန့်ပုံရလေသည် ။

သူ ခေါင်ခေါင်ကို ရယ်ချင်သွား၏။

"ဘာပဲဖြစ်ဖြစ်ကွာ ... ငါ သူ့ကို တကယ်ကြွေတာကွ၊ ကြိုးစားရမှာက ငါ့အပိုင်းလေ၊ ပြန် ကြိုက်တာမကြိုက်တာကတော့ သူ့သဘောပေါ့။ ပြောကွာ၊ သူ ဘယ်သူလဲ ..."

ခေါင်ခေါင်ရဲ့ မျက်ဝန်းတွေသည် သူ့ကို သနားသလို အရိပ်တချို့ ကို

န်းအောင်းနေသည် ။ အဲဒီ အရိပ်တွေကြောင့်ပဲ သူ ရှေ့ဆက်တိုးဖို့ ပိုသေချာသွား၏။ ခေါင်ခေါင်က ခေါင်းတစ်ချက် ဆတ်လိုက် ပြီး ...

"သူ့နာမည်က နေမင်းခင်တဲ့ ၊ ငါ့ရဲ့ အဖေတူ အမေကွဲအစ်မ"

သူ ခေါင်ခေါင်ကို အားနာစွာ ဆတ်ခနဲ ကြည့်လိုက်သည် ။ ခေါင်ခေါင်က သဘောပေါက်ပါ တယ်ဟူသော အဓိပ္ပာယ်ဖြင့် လက်ကာပြသည် ။ ရှုံးပွဲကြည့်ဖို့ အတွက် ခေါင်ခေါင်ကို လာခေါ်သော သူ့ရဲ့ ဦးတည်ချက်သည် သူမရဲ့ ဒေါက်ဖိနပ်ချွန်ချွန်အောက်မှာ လွင့်စဉ်သွားကြသည် ။

***

# အခန်း (၂)

ဝိုင်းစက်ကြည်လင်သည့် နှင့်အမျှ ဖြူစင်အပြစ်ကင်းလွန်းလှသော မျက်ဝန်းများ နှင့် တတိယ အကြိမ် ဆုံဆည်းမိချိန်တွင် သေချာမှုတစ်ခုကို သူမ ခံစားလိုက်မိသည် ။

ထိုမျက်ဝန်းများကို ပထမဦးဆုံးအကြိမ် ဆုံတွေ့ခဲ့ရချိန်က သူမကို ရည်ရွယ်သည် ဟု မရိပ်မိ သေးချေ။

သူသည် နေမင်းခေါင်ခေါ်လာသည့် မော်ဒယ် ‘စောပြည့်လျှံ’၏ မောင်တစ်ယောက်အဖြစ် သာ သိထားခဲ့သည် ။

စောပြည့်လျှံ ရောက်မလာသေးခင်မှာ သူနှင့် နေမင်းခေါင်တို့ အရင်ရောက်လာသဖြင့် သူ့ကို တောင် မော်ဒယ် ထင်လိုက်မိသေးသည် ။

"ခေါင်ခေါင် ငါက ယောက်ျားလေးဝတ်စုံ မချုပ်ဘူးလေ"

သူမက သူ့ကို အကဲခတ်ရင်း ခေါင်ခေါင်ကို ပြောတော့ သူ့မျက်ဝန်းများ တဆတ်ဆတ်ထခုန် သလိုမျိုး ငွေ့ရည်ဖွဲ့ကာ ပြုံးလေသည် ။

"ဟုတ်ပါတယ် မ၊ ဝတ်စုံချုပ်မှာ က ကျွန်တော်မဟုတ်ပါဘူး၊ ကျွန်တော့်အစ်မပါ၊ သူက နောက်ကနေ လိုက်လာခဲ့မယ်ဆိုလို့ ကျွန်တော်တို့က အရင်လာစောင့်နေတာ"

သူ့နှုတ်ခမ်းက တိကျစွာ ခပ်ပါးပါး။ သို့သော် သွားတွေက ညီညာစီတန်းလွန်းသဖြင့် မျက်လုံး တွေလောက် ဆွဲဆောင်မှုမရှိဘူးထင်သည် ။ သူ့မျက်ဝန်းတွေက ငေးရီနေတာတောင်မှ အသက်ဝင် လှုပ်ခတ်နေသေးသည် ။ သူ့ရဲ့ ချစ်ရည်ရွှန်းလဲ့သော မျက်ဝန်းများ ဆိုလျှင်တော့ ဘယ်မိန်းကလေးမှ ခံနိုင်ရည်ရှိလိမ့်မည် မထင်။ အားလုံး ကျဆုံးသွားကြမှာ ပဲ။

သူမက ရောင်စုံကျောက်များကို ရွေးချယ်စီစဉ်ရင်း တွေးမိသည် ။

"မ ကျွန်တော့်ကို မမှတ်မိဘူးလား"

ဘယ်မှာ ဆုံဖူးလို့ ပါလိမ့်။

သူကမေးလျှင် သူမ ဇဝေဇဝါနှင့် စဉ်းစားမိသည် ။ သူမမှာ ယောကျ်ားကလေးမိတ်ဆွေ သိပ် မရှိ။ ဒီကောင်လေးက ခေါင်ခေါင့်သူငယ်ချင်းဆိုတော့ ပိုပြီးတော့တောင် မဆုံနိုင်သေးသည် ။ ခေါင်ခေါင့်သူငယ်ချင်းများ သည် ခေါင်ခေါင်လိုပဲ ဘော်ကြော့လက်ကြောမတင်းသူများမို့ သူမက အသိမိတ်ဆွေပင် မဖြစ်ချင်ချေ။

သူကတော့ ဘယ်လိုလူမျိုးမှန်းမသိသည့်တိုင် ယတိပြတ် မငြင်းလိုက်မိချေ။

"ကိုယ်တို့ ဆုံဖူးကြလို့ လား"

"ဆုံဖူးတယ်လေ၊ ဖေဖေ့ဆီသွားတဲ့ နေ့တုန်းက မနေက အပြန် ဒီကောင်က အလာမှာ တွေ့ တာ၊ အဲဒီကတည်းက မနေကို ဒီဇိုင်နာမှန်းသိသွားပြီး သူ့အစ်မအတွက် ဝတ်စုံအပ်ပေးဖို့ ပြောနေတာ၊ နားရွက်တွေကို ချည်းပဲ ချွတ်ပြီး ရေခဲသေတ္တာထဲကို ထည့်ထားရတော့မယ်"

ဆိုင်ကို ယောကျ်ားကလေး အဝင်အထွက်များမှာ ကို မကြိုက်သဖြင့် ခေါင်ခေါင်က ဆိုင်ကို သိပ်မလာပါ။ သူမရဲ့ မျက်နှာရိပ်ကိုကြည့်ပြီး ခေါ

င်ခေါင်က သူအပြစ်လွတ်အောင် ထိုမျှသာ ဝင်ပြော ရှင်းပြလေသည်။

"ကိုယ် ... သတိမထားမိလိုက်ဘူး"

တမင် အထာကိုင်တာ မဟုတ်ဘူး ဆိုတာကို ယုံကြည်သည့် သူ့မျက်ဝန်းများ ဒုတိယအကြိမ် ထခုန်ကြပြန်သည်။

အဲဒီမျက်ဝန်းက ကြိုးများ နှင့်ပဲ သူမရဲ့ ဆိုင်ကလေး ငလျင်လှုပ်နေရလေသည်။

"ဟုတ်ပါတယ်။ အဲဒီကတည်းက ကျွန်တော်သိခဲ့ပါတယ်။ မ ကျွန်တော့်ကို သတိမထားမိ ဘူးဆိုတာကိုပေါ့၊ ဒါပေမဲ့ ..."

သူ့စကားဆုံးအောင် မပြောလိုက်ရချေ။ ဆိုင်ရှေ့သို့ မော့်ခ်တူးကားလေးတစ်စီး ရောက်လာကာ မိန်းကလေးတစ်ယောက် ဆင်းလာသည်။ ဝတ်စုံချုပ်မည့်သူဟု ခန့်မှန်းမိသော်လည်း သူ့အစ်မဟု မသိချေ။

"မ သူက ကျွန်တော့်အစ်မ၊ မော်ဒယ် စောပြည့်လျှံ၊ မနဲ့ အသက်အတူတူပဲ၊ နှစ်ဆယ့်သုံး၊ မငယ် သူက ဒီဇိုင်နာ နေမင်းခင်တဲ့ "

မိန်းကလေးက မျက်မှန်ကို ဆွဲချွတ်ပြုံးပြလျှင် သူမ တအံ့တဩ ပြုံးလိုက်မိသည်။

သူတို့ မောင်နှမရဲ့ မျက်ဝန်းတွေသည် တစ်ထပ်တည်း ဝိုင်းစက်တောက်ပနေကြသည်။

"မ ... အံ့သြသွားပြီမဟုတ်လား၊ ကျွန်တော်နဲ့ မငယ်ကို လူတိုင်း အံ့သြကြတယ်၊ ကျန်တဲ့ အစ်မတွေနဲ့ က မတူဘူး၊ မငယ်နဲ့ ကျွန်တော့်မှာ တစ်ထပ်တည်းကျတဲ့ မျက်ဝန်းတွေ ရှိတယ်"

"အင်း ... အံ့သြစရာနော်"

"အဲဒါနဲ့ ပဲ ကျွန်တော်လည်း အသားလွတ်နာမည်ကြီးနေရတော့တာပါပဲ"

"တော်ပါကွာ၊ မင်း နာမည်ကြီးလာတာ တခြားအကြောင်းအရာတွေကြောင့်ပါ"

စောပြည့်လျှံက သူမနှင့် ခေါင်ခေါင်ကို သူစိမ်းတွေဟု သဘောမထားပုံနှင့် သူ့မောင်ကို စသည် ။ ခေါင်ခေါင်ရော သူမပါ ငေးခနဲဖြစ်သွားသည် ။ သူမတို့ မှာ ဒီလို ရင်းနှီးနွေးထွေးမှု မရှိတာ သူမက ပေါ့ပေါ့နေပြီး အဖြစ်မရှိသည့် ခေါင်ခေါင်ကို အချိန်ပြည့် အထင်သေးရှုတ်ချ။ ခေါင်ခေါင်က လည်း သူမကို သွေးနားထင်ရောက်နေသည့် မီးခဲမဟု ရှုတ်ချ။ ဘယ်လိုမှ အစေးမကပ်သည့် သူမတို့ မျက်စိမှာ သူမတို့ မောင်နှမရဲ့ ရင်းနှီးမှုက ထူးဆန်းနေလေသည် ။

"ရင်းရင်းနှီးနှီး ခင်လို့ ပဲခေါ်မယ်နော် ... ခင်"

"ဟင့်အင်း ... နေလိုပဲခေါ်ပါ၊ ခင်လို့ ခေါ်တာကို တို့ မကြိုက်လို့ ပါ"

"အိုကေလေ ... နေ့ကို စောရဲ့ ဒီဇိုင်နာအဖြစ် ကမ်းလှမ်းချင်တာပါ၊ ဘယ်လိုသဘောရလဲ၊ စောတို့ က သက်တူရွယ်တူတွေဆိုတော့ စိတ်ချင်းတိုက်ဆိုင်ကြမှာ ပါ"

"ကိုယ်က အဲဒီလို တစ်ယောက်ယောက်ရဲ့ ပင်တိုင်လုပ်ရမှာ မျိုးကို စိတ်မဝင်စားဘူး စောရဲ့ ၊ မလွတ်လပ်လို့ "

သူ့ရဲ့ လက်အောက်က ဝန်ထမ်းတစ်ယောက်လို ဖြစ်သွားမှာ ကိုပိုပြီးမ လိုလားတာဖြစ်သည် ။

သို့သော် ဒါကိုတော့ ပြောလိုက်လို့ မဖြစ်။

"ဒီလိုတော့ လုပ်လို့ ရတယ်။ ကိုယ့်ရဲ့ ဒီဇိုင်းတွေထဲက စောနဲ့ လိုက်မ

ယ့် ဒီဇိုင်းမျိုးကို ဘယ်သူ့ ကိုမှ မပေးဘဲ စောအတွက် ချန်ထားပေးတာမျိုးပေ့ါ၊ ဘယ်လိုလဲ"

"ဟင် ... မကလည်း ခေါင်ခေါင်နဲ့ ကျွန်တော်လည်း ဒီလောက်ရင်းနှီးနေတာ မငယ်ရဲ့ ပင်တိုင်လုပ်ရင်းနဲ့ ဆိုင်ဆက်ဖွင့်လို့ မရဘူးလား"

သူမတို့ ရဲ့ ဆွေးနွေးပွဲအတွင်းသို့ ကကြိုးဆင်နေသည့် မျက်ဝန်းတစ်စုံ ဝင်ရောက်စွက်ဖက် လာသည် ။

သူမ ခပ်ပြုံးပြုံးနှင့် ထပ်ငြင်းရသည် ။

"ကိုယ် စောကိုခင်ပါတယ်၊ ပင်တိုင်လုပ်ဖို့ ကတော့ မဖြစ်နိုင်လို့ ပါနော်၊ ကိုယ်တတ်နိုင် သလောက်တော့ စောအတွက် စီစဉ်ပေးမှာ ပါ"

စောပြည့်လျှံက အနုပညာလောကသားပီပီ ဒါကိုတော့ နားလည်လေသည် ။ ဆွေးနွေးပွဲက ခပ်မြန်မြန် အပြီးသတ်သွားလေသည် ။

"ဟုတ်ပါပြီလေ ... နေ့ဘက်မှာ လည်း လက်မခံနိုင်တဲ့ အကြောင်းတွေ ရှိမှာ ပေ့ါ၊ စောကတော့ နေပြောသလိုပဲ နေ့လက်ရာကို အဆင်ပြေတဲ့ တစ်ချိန်မှာ ဝတ်ရမှာ ပေ့ါ"

စောပြည့်လျှံက ထိုမျှနှင့်မရပ်။ စိတ်ပျက်သွားသော သူ့မျက်ဝန်းများကို လှမ်းကြည့်ကာ ...

"ကဲ ... မငယ်ကတော့ တတ်နိုင်သမျှ ပါရမီဖြည့်ပေးပြီးပြီ၊ မအောင်မြင်တာကတော့ မင်းရဲ့ ကုသိုလ်ကံပဲ ကောင်လေး၊ ဒီလောက်နဲ့တော့ စိတ်ပျက်မသွားနဲ့ ဦးပေ့ါကွယ်၊ ယောက်ျားလေးပဲ ဖွဲ့ရှိရမှာ ပေ့ါ၊ မငယ်တော့ မင်းပူဆာလို့ လာခဲ့ရပေမယ့် နေ့ကို တွေ့တွေ့ချင်း သူငယ်ချင်းအရင်းအချာ တစ်ယောက်လိုပဲ ခင်မင်တယ်၊ စောကိုလည်း

ရင်းရင်းနှီးနှီး ပြန်ခင်ပါနော် နေ"

စောပြည့်လျှံက နေ့ကိုပါ ကြည်ကြည်လင်လင်ပြုံးကာ ခွင့်တောင်း အသိအမှတ်ပြုနေသဖြင့် ခပ်ပြုံးပြုံး ခေါင်းညိတ်လက်ခံလိုက်ရသည် ။ ဖိုးလမင်း၏ မျက်ဝန်းများကတော့ တိမ်မဖုံးဘဲ အနည်း ငယ် ညိုနေ၏။ စောပြည့်လျှံက ထိုမျက်ဝန်းများကိုကြည့်ကာ ချစ်စနိုးနှင့် ရယ်လေသည် ။

"မငယ်က ဘာမှ အားမကိုးရဘူး၊ အလုပ်ကိစ္စတစ်ခုကို ဒီလောက် လွယ်လွယ်လေးနဲ့ ဖြတ် ပစ်ရသလား။ နည်းနည်းပါးပါး ညှိနှိုင်းဦးမှ ပေါ့၊ ကိုယ်လိုချင်တာ ကိုယ်ဖြစ်ချင်တဲ့ ပုံစံကိုလည်း ပြောပြ စည်းရုံးဦးမှ ပေါ့"

"အလို ... အဲဒီလောက်တောင် ကျွမ်းကျင်နေရင်လည်း ရှင်ပဲ ညှိနှိုင်း ပေးတော့ရှင်၊ ဘာဖြစ် လို့ ကျွန်မကိုခေါ်လာသေးလဲ၊ ကျွန်မကတော့ ဒီ လောက်ပဲ တတ်နိုင်တယ်ရှင်၊ ကဲ ... ကိုယ်ဘာသာ ကိုယ် ညှိတော့"

တကယ့်ကလေးစိတ်ကလေးပဲ။

ထူထဲသော်လည်း ရှည်သွယ်ကော့ပျံသော မျက်ခုံးနှစ်ခု ထိဆက်လုမ တတ် မျက်မှောင်ကုတ် လျက် ပါးလွှာနီစိုသော နှုတ်ခမ်းများ ဝိုင်းနေ အောင် စူထော်ကာ စိတ်ကောက်နေသော ကောင်ကလေး ကို ထူးဆန်းစွာ မျက်ခုံးတစ်ချက် မသိမသာ ချီလိုက်ဖြစ်သည် ။ တစ်မျိုး တော့တစ်မျိုးပဲ။ ဒီလိုပုံစံမျိုး သူမ မမြင်ဖူးမတွေ့ဖူးချေ။

တစ်ဦးတည်းသောမောင် ခေါင်ခေါင်သည် လည်း သူ့လို ဆိုးနွဲ့စိတ် ကောက်တာမျိုး၊ ဘယ်သူ့ အပေါ်မှာ မှ မရှိဖူးချေ။ ခေါင်ခေါင်သည် လ ည်း သူမလို မာဆတ်ဆတ် ဂျစ်ကန်ကန်ပဲ ဖြစ်သည် ။ သူ့အမေနှင့်တော့ ဘယ်လိုပုံစံ ဆက်ဆံရေးရှိသလဲ သူမသိ။ သူမ သိသလောက်တော့ သူမ

ရဲ့ မောင် နေမင်းခေါင်သည် နူးညံ့ချိုသာခြင်းတော့ သိပ်မရှိချေ။

ဖိုးလပြည့်ရဲ့ ပုံစံသည် ခေါင်ခေါင်နှင့် ဆန့်ကျင်ကွဲပြားနေသဖြင့် သူတို့ နှစ်ယောက်ရဲ့ ခြားနား မှုမှာ သိသာထင်လင်းလွန်းနေသည် ။

"ဒီလိုလေ မနေရာ၊ မငယ်ကလည်း မနေမှ မနေ၊ မနေရဲ့ လက်ရာကို မြင်ပြီး ဝတ်ကြည့်ပြီး သဘောကျလွန်းလို့ တမင်တကာကို လိုက်လာကမ်းလှမ်းတာပါ။ ကျွန်တော်နဲ့ ခေါင်ခေါင့်မျက်နှာကို ထောက်ထားပြီး လက်ခံပေးလိုက်လို့ မရဘူးလား၊ မနေရဲ့ လက်ရာတွေကိုသာ မငယ် ဝတ်လိုက်ရရင် ပြိုင်ဘက်ကင်းတဲ့ အတွဲ ဖြစ်သွားမှာ နော်၊ စိတ်ကူးမလွဲပါနဲ့ဗျာ၊ ကျွန်တော် ဒီလောက် တောင်းပန်နေ တာ"

ခါးကို တွန့်လိမ်ပြီး ဦးခေါင်းကိုငဲ့စောင်းလျက် ဂျီကျနေပုံကို မျက်လွှာပင့်ကြည့်လိုက်ဖြစ် သည် ။ သူမနှင့်သူ ဘယ်လောက်များ ရင်းနှီးကျွမ်းဝင် ခင်မင်နေလို့ ဒီလိုပုံစံနှင့် ပူဆာရသလဲ။ ထူးဆန်းစွာ အံ့သြခြင်းကို ဖုံးဖိလျက် အနည်းငယ်တိုဆတ်သွားသော ကိုယ့်စိတ်ကိုလည်း သတိထားဖြေလျှော့ရသေးသည် ။ သူကတော့ ဟိုးပဝေသဏီကတည်းက ရင်းနှီးခင်မင်လာသူတစ်ယောက်လို ပိုင်ဆိုင်ရဲတင်းစွာ တောင်းဆိုနေသည် ။ သူ့အစ်မ စောပြည့်လျှံကတော့ မြင်နေကျမြင်ကွင်း၊ ဖြစ်နေကျ အဖြစ်အပျက်ကို မြင်တွေ့ရိုးအီနေဟန်ဖြင့် သူမကို ခပ်ပြုံးပြုံးကြည့်ကာ ...

"သူနဲ့ မိတ်ဆွေဖြစ်ရတာ လွယ်တော့မလွယ်ဘူးကွ၊ သူဖြစ်ချင်တာကို ဇွတ်ရောအတင်းရော ပူဆာဂျီတွန်တတ်တဲ့ အကျင့်ကြီး ရှိနေတာလေ၊ စောတော့ နားငြီးလို့ ဝတ်စုံတွေ သွားကြည့်တော့ မယ်နော်"

စောပြည့်လျှံက ဆံပင်ကောက်ကောက်ကလေးတွေကို လှပစွာ ခါယမ်းစေပြီး နမူနာချိတ် ထားသည့် ဝတ်စုံများ ဆီ ထွက်ခွာရှောင်တိမ်းသွားလေသည် ။ သူမက ခေါင်ခေါင်ဆီသို့ အဓိပ္ပာယ်ပါပါ နှင့် လှမ်းကြည့်လို

က်လျှင် ခေါင်ခေါင်တစ်ယောက် သူ့သူငယ်ချင်းကို လက်ကုတ်ပြီး တားမြစ်သတိ ပေးလေသည် ။

"မင်းကလည်း ကွာ တော်တော့လေ၊ ဟိုမှာ မငယ် ကာယကံရှင် တောင်မှ သဘောပေါက်ပြီး ပြေလည်သွားပြီ၊ မင်းကပွဲစားပဲ၊ စိတ်လျှော့ လိုက်တော့ ..."

"မဟုတ်သေးဘူးလား၊ ဒီကိစ္စ အောင်မြင်သွားရင် ဘယ်လောက် အကျိုးရှိမယ်ဆိုတာ မင်း လည်း သိသားပဲ၊ မနေက နည်းနည်းလေး ညှိ ပေးလိုက်ရင် အဆင်ပြေသွားမှာ ပါ နော် မနေ"

"ကိုယ်အတတ်နိုင်ဆုံး လိုက်လျောပြီးပြီလေ၊ ကျန်တာက ကိုယ့်ရဲ့ စည်းကမ်းချက်တွေနဲ့ မညီညွတ်လို့ လက်မခံနိုင်တာကို နားလည်ပေးပေါ့ ဖိုးလပြည့်ရဲ့ ၊ မင်းရဲ့ အစ်မလည်း နားလည် သဘောပေါက်လို့ ပြေပြေ လည်လည်ပဲလေ၊ မင်းလည်း သဘောပေါက်တော့လေ၊ ကိုယ့်မှာ က တခြား အလုပ်တွေ ရှိသေးတယ်လေ"

"ဟာဗျာ ... မနေကလည်း စိမ်းကားလိုက်တာ၊ အဲဒီလောက်ကြီး မစိမ်းကားပါနဲ့ ဗျာ"

"ဟေ့ကောင် ... ဘာတွေ လျှောက်ပြောနေတာလဲ"

ဘယ်လိုအသုံးအနှုန်းမျိုးပါလိမ့်ဟု သူမ မျက်နှာတင်းပြန့်သွားလျှင် ခေါင်ခေါင်က ကမန်း ကတန်းပင် သူ့သူငယ်ချင်းကို ဘရိတ်အုပ်သည် ။ ပြောလေပိုဆိုးလေဖြစ်လာသော ကောင်ကလေးကို သူမ တကယ်စိတ်မရှည်တော့ချေ။ အရည်တွေ လဲ့ဖြာဝင်းစက်နေသော မျက်ဝန်းများ နှင့်သာ အား မနာတမ်းကြည့်ပြီး ပူဆာနေသော ထိုပုံစံကို ဆိုင်က ဝန်ထမ်းကောင်မလေးတွေပင် အကဲခတ်သည့် မျက်ဝန်းများ နှင့် ကြည့်ရှုကုန်ကြပြီ။ စောပြည့်လျှံရဲ့ မျက်နှာကြောင့်သာ ဒီလောက်ထိ စိ

တ်ကိုဆွဲဆန့် ထိန်းချုပ်ထားရတာ။ ခေါင်ခေါင့်သူငယ်ချင်းအနေနှင့်သာ ဆိုလျှင်တော့ သူမ၏ ပါးလွှာသော နှုတ်ခမ်းများ ဆီမှ ဓားသွားထက်ပြင်းထန်ပြတ်ရသော စကားလုံးများ လွင့်ထွက်သွားမှာ သေချာ သည် ။ ခုတော့ စောပြည့်လျှံရဲ့ မျက်နှာရှိနေသေးသဖြင့် ဒေါသ တွေကို အသာထိန်းချုပ်ထားရ၏။

သူကလည်း ဒါကိုရိပ်မိပုံနှင့်ပဲ ဖွတ်တိုး အရဲကိုးချင်သေးသည် ။

"မင်းကလည်း ကွာ ... မင်းအစ်မက ငါ့အစ်မပဲမဟုတ်လား၊ မနေလ ည်း ခေတ်မီတဲ့ သူပဲ နပ်ပါတယ်"

"ဖိုးလပြည့်ရေ မမကြီးဆီကို ဖုန်းလာတယ်၊ ရွှေဘုံသာဆေးခန်းကို လိုက်ပို့ပေးပါဦးတဲ့ ၊ မေမေကလည်း အဲဒီဘက် သွားစရာရှိလို့ တစ်ခါတ ည်း သွားမယ်တဲ့ ၊ ပြီးမှ မမကြီးရော မေမေရော တစ်ခါတည်းကြို့ပြီး အိ မ်ပြန်မယ်တဲ့ "

သူမ တစ်ခုခုပြောဖို့ ပြင်လိုက်စဉ်မှာ စောပြည့်လျှံက Slide ဖုန်းဖြူဖြူလေးကိုကိုင်လျက် သူမတို့ အနားသို့ ပြန်ရောက်လာသဖြင့် ဘာမှ မပြောဖြစ်လိုက်ရချေ။ ခေါင်ခေါင်တစ်ယောက် ရင်တမမ နှင့် သ က်ပြင်းကို ကျိတ်ရှိုက်လိုက်ခြင်းကိုတော့ သူမ မြင်ဖြစ်အောင် မြင်လိုက် သေးသည် ။

"ဟာကွာ ... အနှောင့်အယှက်တွေကလည်း များ လိုက်တာ၊ မငယ် သွားကြို့ပေးလိုက်ကွာ၊ လပြည့် ဒီမှာ ခေါင်ခေါင်နဲ့ နေခဲ့ဦးမယ်"

"မရဘူးဆရာ၊ မငယ်က ကြိုက်တဲ့ ဂါဝန်ဒီဇိုင်းလေးတွေ တွေ့လို့ နေ နဲ့ စကားပြောရဦးမှာ ၊ ဝတ်စုံတွေကို ဖစ်တင်ကျမကျ ဝတ်ကြည့်ရဦးမှာ ၊ မငယ် မအားတော့ဘူးကွ၊ လပြည့်လေးပဲ သွားလိုက်ပါကွာ၊ မမကြီးကို နှစ်ခွန်းလောက် ဆင်ခြေပေးလိုက်တာနဲ့ မင်းကို တစ်ထပ်ကြီးပေးမှာ ပို

တောင်ကောင်းသေးတယ်"

"မငယ်က ဘယ်လိုပြန်မလဲ"

"ခေါင်ခေါင့်ကို လိုက်ပို့ခိုင်းမယ်လေဟယ်၊ နော် ခေါင်ခေါင်၊ မငယ်ကို လိုက်ပို့ပေးနော်။ ဒီမှာ ရောက်တုန်းကို အဆင်ပြေတာလေးတွေ မသွားမလို့ ၊ နေလည်း ကြည့်ရွေးပေးဦးနော်"

စောပြည့်လျှံက သူမလက်မောင်းကို ဖွဖွပုတ်ကာ ပြောလျှင် သူ့မျက်နှာက သိသာစွာ စူပုတ် မှုန်ကုပ်သွားလေသည် ။ ထိုမျက်နှာကို အနည်းငယ် စိတ်ချဉ်ပေါက်စွာ စက္ကန့်ပိုင်းမျှ စူးစိုက် ကြည့်လိုက်မိသည် ။ ကလေးဆန်လွန်းတာလား။ စိတ်နုလွန်းတာလားတော့မသိ။ ဒီလိုပုံစံ ယောကျ်ားကလေးမျိုး သူမ မတွေ့ဖူးတာတော့ အမှန်ဖြစ်သည် ။

" လာလေ ... စော၊ ဝတ်စုံတွေ သွားဝတ်ကြည့်ရအောင်"

"OK ... ကဲ ... လပြည့်ရေ၊ ခုပဲ သွားလိုက်တော့နော်၊ တော်ကြာ နောက်ကျနေလို့ မမကြီး ဆူခံထိနေဦးမယ်"

"သွားမှာ ပါ၊ မနှင်ပါနဲ့ ၊ မငယ် ဒီကပဲစောင့်နေ လပြည့် ပြန်လာခေါ်မယ်"

အဝတ်လဲခန်းဆီသို့ ထွက်လာကြသည့် သူမတို့ ရဲ့ နောက်ဘက်ဆီသို့ ဆောင့်အင့်အင့်အသံက မှီအောင် ပြေးလိုက်လာသေးသည် ။ စောပြည့်လျှံက သူမကို တစ်ချက်ကြည့်ပြီး ပြုံးစိစိနှင့် ...။

"လာမခေါ်နဲ့ တော့လေ၊ မငယ်က ခဏနေရင် ပြီးချင်ပြီးသွားမှာ ၊ ခေါင်ခေါင့်ကိုပဲ ပြန်ပို့ ခိုင်းတော့မယ်၊ ခေါင်ခေါင်လည်း အားနေတာပဲဥစ္စာ"

"မသိဘူးဗျာ ... ဘာမှ လာပြောမနေနဲ့ "

"သွားမှာ သွားစမ်းပါကွာ။ အဲဒါနဲ့ ပဲ နောက်ကျနေပြီ"

"ဟော့ကောင် ... မင်းဝင်မပါနဲ့ ၊ မင်းဆီကို စုပြုံလာလိမ့်မယ်"

ဒေါသစကားလုံးများကို ကားပြတင်းမှ လွှင့်ပစ်ခဲ့ပြီး သူ့ကားကလေးက တစ်ရှိန်ထိုး ဆောင့် ထွက်သွားသည် ။

"သူ့စိတ်ကြီးပဲ"

ခေါင်ခေါင့်ကို စောပြည့်လျှံက ပြုံးစိစိနှင့်ကြည့်ကာ ရင်းနှီးစွာ အတင်းတုတ်သည် ။ သူမလည်း အနည်းငယ် ပြုံးချင်ချင်ဖြစ်သွားပေမယ့် ဆိုင်ဝန်ထမ်းကောင်မလေးတွေရဲ့ ပြုံးစိစိ မျက်နှာတွေကြောင့် မပြုံးဖြစ်တော့ဘဲ ဘရိတ်အုပ်သွား၏။

"သူက စောကို ဒီဆိုင်မှာ ဝတ်စုံအပ်ဖြစ်စေချင်နေတာ၊ စပြောတုန်းကတော့ စောလည်း စိတ်မဝင်စားပါဘူး၊ နောက်တော့နေမခင်းဆိုတာလည်း နာမည်ကြီးပဲလေ၊ ခေါင်ခေါင်ရဲ့ အစ်မဆို တော့လည်း စောက စိတ်ဝင်စားသွားတာပေ့ါ၊ အဓိကကတော့ သူ့ရဲ့ ဖြားယောင်းမှုတွေကြောင့် စော ဒီကိုရောက်လာရတာ၊ သူ အဆွယ်ကောင်းလို့ သိလား၊ ဒါပေမဲ့ လာရကျိုးနပ်ပါတယ်။ နေနဲ့ လည်း ခင်ရတယ်၊ နေ့လက်ရာ ဝတ်စုံတွေလည်း ဝယ်ရတယ်၊ မောင်မင်းကြီးသားကို ကျေးဇူးတော့တင်ရ ပါတယ်။ သူက ဒါမျိုးတွေတော့ တော်တယ်"

အဝတ်လဲခန်းကလေးထဲမှာ ရွေးလာသည့်ဝတ်စုံတွေကို ဝတ်ကြည့်ရင်း စောပြည့်လျှံက ပွင့်လင်းစွာ ဖောက်သည် ချသည် ။

သူမကလည်း ခေတ်မီလူငယ်တစ်ဦးမို့ စောပြည့်လျှံရဲ့ စကားအသွားအလာတွေကို ထင်းခနဲ လင်းခနဲ သိမြင်ရသည် ။

သူ့ရဲ့ ပင်ကိုစရိုက်ကိုက ပွင့်လင်းတာလား၊ ရွယ်တူချင်းမို့ ပွင့်လင်း

တာလားဆိုတာတော့ သူမလည်း ချက်ချင်း မခွဲခြားနိုင်သေးချေ။ သူတို့ မောင်နှမသည် တော်တော်ကြီးကို ဖြောင်ကျပွင့် လင်းတာကိုတော့ သတိမပြုဘဲ မနေနိုင်ချေ။ နောင်များမှာ ဆိုင်ကိုလာခဲ့ပါဦးဟု လှိုက်လှိုက်လှဲလှဲ မဖိတ်ခေါ်ရဲသလောက် ဖြစ်သွားရသည် ။

ဘယ်လိုလူတွေပါလိမ့်ဟု နောင်မှ ခေါင်ခေါင်ကို မေးကြည့်ရဦးမည်ဟု တေးထားလိုက် သော်လည်း တစ်ခုခုက တားဆီးထားသဖြင့် မမေးဖြစ်ခဲ့ချေ။ သူမစိတ်ထဲမှာ တော့ မျက်ဝန်းဝိုင်းဝိုင်း များက အမှတ်ထင်ထင် ဖြစ်သွားခဲ့သည် ။

***